EMReF Enlightened Myanmar Research Foundation

ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်းမှ စုစည်းတင်ပြသည်။

မေ့အသံ

အတွဲ(၂)၊ အမှတ်-၁၂

လစဉ်သတင်းလွှာ

မေ ၁၃ ရက်၊ ၂၀၂၀

# မြန်မာ့နိုင်ငံရေးမှာ အမျိုးသမီးများ ပိုမိုပါဝင်လာဖို့

## နိုင်ငံရေးပါတီတွေ ဘာတွေလုပ်ဆောင်သင့်လဲ



**ဧပြီ ၂၀၊ ၂၀၂၀**

၁၉၉၅ ခုနှစ် ဘေဂျင်းမြို့တွင် ကျင်းပခဲ့သည့် ကမ္ဘာ့ကုလသမဂ္ဂ၏ အမျိုးသမီးများဆိုင်ရာ ကမ္ဘာ့ညီလာခံတွင် အမျိုးသမီးများ နိုင်ငံရေးတွင် ကိုယ်စားပြုပါဝင်နိုင်မှုလျော့နည်းနေခြင်းမှာ ဒီမိုကရေစီအတွက် ပြဿနာတစ်ရပ်ဖြစ်ကြောင်း ဖော်ပြခဲ့ကြသည်။ ကျား-မတန်းတူညီမျှသည့် နိုင်ငံတစ်နိုင်ငံဖြစ်စေရန် နိုင်ငံရေးတွင် အမျိုးသားများ နည်းတူ အမျိုးသမီးများ ပိုမိုပါဝင်ခွင့်ရရှိရေးသည် အရေးကြီးသည့်အချက်ဖြစ်သည်။

မြန်မာ့နိုင်ငံရေးတွင်လည်း အမျိုးသမီးများ ပါဝင်ပတ်သက်မှုသည် အားနည်းနေဆဲဖြစ်ပြီး ယခုအခါ မြန်မာနိုင်ငံတွင် ပြည်ထောင်စုလွှတ်တော်အပါအဝင် ပြည်နယ်နှင့်တိုင်းဒေသကြီးလွှတ်တော်များတွင် အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်ရာခိုင်နှုန်းမှာ ၁၀% ခန့်သာရှိသည်။ မြန်မာ့လူဦးရေ ထက်ဝက်ကျော်ခန့်သည် အမျိုးသမီးများဖြစ်သော်လည်း နိုင်ငံရေးတွင် အမျိုးသမီးများပါဝင်မှုမှာ အကန့်အသတ်များစွာရှိနေသည်။

### အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်တွေ ဘာကြောင့်နည်းပါးနေရသလဲ

မြန်မာနိုင်ငံရှိ နိုင်ငံရေးပါတီများအနေဖြင့် အမျိုးသမီးများ

နိုင်ငံရေးတွင် ပါဝင်မှုမြှင့်တင်ရန် လုပ်ဆောင်သင့်သည့် အကြောင်းအရာများနှင့်ပတ်သက်သည့် သုတေသနစာတမ်းဖြစ်သည့် "Party Building and Candidate Selection - Intraparty Politics and Promoting Gender Equality in Myanmar" ကို ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်း (EMReF) က ၂၀၂၀ ခုနှစ်၊ ဧပြီလ (၁၉) ရက်နေ့က ထုတ်ပြန်ခဲ့ပါသည်။ ယင်းသုတေသနတွေ့ရှိချက်များအရ မြန်မာနိုင်ငံတွင် အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များ နည်းပါးသည့်အကြောင်းရင်းများအနက် ယဉ်ကျေးမှုဆိုင်ရာပညတ်နှင့် စံနှုန်းများ၊ အမျိုးသားနိုင်ငံရေးခေါင်းဆောင်တို့၏ ဦးဆောင်မှုကိုသာ များသောအားဖြင့် လိုလားထောက်ခံကြခြင်း၊ အမျိုးသမီးများအနေဖြင့်လည်း လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဖြစ်လိုသည့် ရည်မှန်းချက်၊ ယုံကြည်ချက်လျော့နည်းခြင်း၊ ဝေးလံခေါင်သီသည့်နယ်မြေများသို့ အမျိုးသမီးများ ခရီးသွားလာရန်ခက်ခဲခြင်းနှင့် ထိုရပ်ဝေးဒေသများသို့ ညအိပ်ညနေသွားလာရန် အဆင်မပြေခြင်း၊ ပြည်သူ့အရေးကိစ္စများ ပါဝင်လုပ်ဆောင်သည့်အခါ မိသားစုတာဝန်နှင့် အိမ်မှုကိစ္စတို့ကို ဟန်ချက်ညီအောင် ထိန်းညှိလုပ်ဆောင်ရာတွင် အခက်အခဲဖြစ်ခြင်း၊ လွှတ်တော်ထဲတွင် တပ်မတော်သားကိုယ်စားလှယ်များရှိနေခြင်း (အရွေးကောက်ခံရသော အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ် ၁၃% ရှိသော်လည်း၊ တိုက်ရိုက်ခန့်ထားသော တပ်မတော်သားကိုယ်စားလှယ်များထဲတွင်မူ ၁% သာရှိသည်) စသည့် အကြောင်းရင်းများလည်း ပါဝင်သည်။

## လွှတ်တော်ထဲတွင် အမျိုးသမီးပါဝင်မှုနည်းပါးရခြင်းသည် နိုင်ငံရေးပါတီများနှင့် သက်ဆိုင်

မြန်မာနိုင်ငံရှိ လွှတ်တော်များတွင် အမျိုးသမီးများ ကိုယ်စားပြုပါဝင်နိုင်မှု နည်းပါးနေရခြင်းအကြောင်းရင်းများအနက် နိုင်ငံရေးပါတီများ၏ လုပ်ဆောင်ချက်များသည် အရေးပါသည့်အကြောင်းရင်းဖြစ်သည်ဟု သုတေသနက ထောက်ပြထားသည်။ ပါတီများ၏ ဗဟိုအဆင့်နှင့် မြို့နယ်အဆင့်ရှိ အရေးပါသောနေရာများတွင် အမျိုးသားများကိုသာ နေရာပေးမှု များပြားနေခြင်းကြောင့် နိုင်ငံရေးပါတီများတွင် အမျိုးသားကြီးစိုးမှု မြင့်မားနေသည်ဟုဆိုသည်။ ဥပမာအားဖြင့် ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်း (EMReF) က လေ့လာခဲ့သည့် နိုင်ငံရေးပါတီကြီး (၉) ခုတွင် ပါတီ (၇) ခု၏ ဗဟိုအလုပ်အမှုဆောင်အဖွဲ့(စီအီးစီ)ထဲ၌ အမျိုးသမီးများကိုယ်စားပြုပါဝင်မှု ၂၀% ထက်နည်းနေကြောင်းနှင့် ပါတီ၏ကော်မတီများတွင် အရေးပါသော ရာထူးနေရာ (ဥပမာ - ဥက္ကဋ္ဌ၊ တွဲဖက်ဥက္ကဋ္ဌ၊ အတွင်းရေးမှူး) များတွင် အမျိုးသမီးအရေအတွက် အလွန်နည်းပါးစွာ တွေ့ရသည်ဟုဆိုသည်။ မြို့နယ်ကော်မတီများတွင်လည်း အမျိုးသမီးများကိုယ်စားပြုပါဝင်မှုနှုန်း အလွန်နည်းပါးပြီး အထူးသဖြင့် အရေးပါသည့် ရာထူးနေရာများတွင် ဖြစ်သည်။

## နိုင်ငံရေးပါတီများအတွက် ထောက်ခံအကြံပြုချက် (၈) ချက်

သုတေသနတွေ့ရှိချက်အပေါ်မူတည်၍ အမျိုးသမီးများ နိုင်ငံရေးတွင် ပိုမိုပါဝင်နိုင်ရန် နိုင်ငံရေးပါတီများ လုပ်ဆောင်သင့်သည့် အချက် (၈) ချက်ကို သုတေသနက အောက်ပါအတိုင်း အသေးစိတ်ရှင်းလင်းချက်နှင့်အတူ အကြံပြုထားသည်။

**၁) ပါတီဖွဲ့စည်းပုံကို ခိုင်မာအောင်တည်ဆောက်ခြင်းနှင့် စည်းမျဉ်းများ ချမှတ်ရန်။** ကျား-မ ရေးရာ တန်းတူညီမျှမှု တိုးတက်စေရန်အတွက် နိုင်ငံရေးပါတီများအနေဖြင့် အဓိကဦးစားပေးလုပ်ဆောင်သင့်သည်မှာ ပါတီအတွင်းအရေးပါသော ရာထူးနေရာများ ရွေးချယ်ရာတွင် ရှင်းလင်းသော စည်းမျဉ်းစည်းကမ်းများထားရှိရန်နှင့် ပါတီအဖွဲ့ဝင်များအားလုံးကို အဆိုပါစည်းမျဉ်းများအတိုင်း ရှင်းရှင်းလင်းလင်း ဆက်သွယ်ဆောင်ရွက်ရန်ဖြစ်သည်။ စည်းမျဉ်းစည်းကမ်းများ ရှင်းရှင်းလင်းလင်းရှိနေခြင်းသည် ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှုရှိစေခြင်းကို တွန်းအားပေးနိုင်ပြီး၊ အရွေးကောက်ခံကိုယ်စားလှယ်အဖြစ် (သို့မဟုတ်) (ပါတီအတွင်း) အရွေးကောက်ခံနိုင်သည့် ရာထူးနေရာများအတွက် အလားအလာရှိသည့်ပုဂ္ဂိုလ်များကိုလည်း သူတို့ကိုယ်သူတို့ အဆိုပြုနိုင်အောင် ပိုမိုအားပေးပါသည်။ အရည်အချင်းနှင့် လုပ်ငန်းတာဝန်ကျွမ်းကျင်မှုများကို ကြည့်ရှုစစ်ဆေးပြီး ရွေးချယ်နိုင်စေရန်အတွက် ပါတီ၏တာဝန်ရှိသူများကိုလည်း သင်တန်းများပေးသင့်သည်။

**၂) အောက်ခြေ-အထက်ပုံစံဖြင့် ရွေးကောက်ခံကိုယ်စားလှယ်များကို ရွေးချယ်နိုင်မှုအား ကျယ်ပြန့်စုံလင်အောင် လုပ်ဆောင်ရန်။** ပါတီများအနေဖြင့် လွှတ်တော်ကိုယ်စားလောင်းများ ရွေးချယ်ရာတွင် မိသားစုနှင့် နီးစပ်ရာရပ်ရွာများမှတစ်ဆင့် ရွေးချယ်သည့် နည်းလမ်းတကျမဟုတ်သောကွန်ရက်များကို အားထားနေခြင်းကနေ ကင်းလွတ်ရန် လိုအပ်ပြီး၊ ၎င်းအစား လွှတ်တော်ကိုယ်စားလှယ်လောင်းများကို အဆိုပြုခြင်း၊ ရွေးချယ်ခြင်းနှင့် ခန့်အပ်ခြင်းဆိုင်ရာကိစ္စများကို ပုံစံတကျဆောင်ရွက်သင့်ပါသည်။ ထိုဖြစ်စဉ်သည် အောက်ခြေမှအထက်ကို အဆင့်ဆင့်တက်သွားသည့် ပုံစံဖြစ်သင့်သည်။ ဥပမာ- ရပ်ကွက်/ကျေးရွာအဆင့် ပါတီအဖွဲ့အစည်းများနှင့်အတူ မြို့နယ်အဆင့်ပါတီအဖွဲ့က အတူပူးပေါင်းဦးဆောင်သည့်နည်းလမ်းဖြစ်သည်။

**၃) အမျိုးသမီးအရေအတွက် သတ်မှတ်ချက် (သို့မဟုတ်) ဝေပုံကျအချိုးသတ်မှတ်ရန်။** ပါတီအတွင်းရှိ အဓိကကော်မတီအဖွဲ့များ (ဥပမာ- ဗဟိုအလုပ်အမှုဆောင်ကော်မတီ (စီအီးစီ)၊ ဗဟိုကော်မတီ၊ မြို့နယ်အလုပ်အမှုဆောင်ကော်မတီ)နှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းနေရာတို့တွင် အမျိုးသမီးများ ကိုယ်စားပြုပါဝင်နိုင်မည့် အနိမ့်ဆုံးအရေအတွက် သတ်မှတ်ချက်/ဝေပုံကျအချိုးကို ပါတီများအနေဖြင့် သတ်မှတ်ထားသင့်ပါသည်။ အနိမ့်ဆုံးအရေအတွက်ကို အများအားဖြင့် ၃၀% ဟူ၍ သတ်မှတ်လေ့ရှိကြသည်။

**၄) အမျိုးသမီး အရွေးကောက်ခံကိုယ်စားလှယ်လောင်းများကို ဘဏ္ဍာရေးပံ့ပိုးမှုပေးရန်။** ခင်ပွန်းသည်အပေါ် ငွေရေးကြေးရေးအရ မှီခိုမှုရှိနေရခြင်းသည် အမျိုးသမီးများ နိုင်ငံရေးတွင် ပါဝင်ရေးအတွက် အဟန့်အတားဖြစ်စေသည့် အကြောင်းရင်းတစ်ခု

ဤသတင်းလွှာကို ကမ္ဘာလုံးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးစိန်ခေါ်မှုများ အဖြေရှာရန်အတွက် အဖွဲ့အစည်းများနှင့် သုတေသီများအတွက် ငွေကြေးထောက်ပံ့ပေးနေသည့် ကနေဒါအပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးရေးသုတေသနစင်တာ (IDRC)နှင့် Global Affairs Canada တို့မှ ထောက်ပံ့ပေးခြင်းဖြစ်သည်။ ယခုသတင်းစာတွင် ပါဝင်သော အကြောင်းအရာများကို မည်သည့်အဖွဲ့အစည်းမဆို လွတ်လပ်စွာမျှဝေနိုင်သည်။
သတင်းလွှာကို အခမဲ့ရယူနိုင်ရန် shweshwe.kyinhlaingg@gmail.com သို့ ဆက်သွယ်နိုင်ပါသည်။

ဖြစ်သည်။ ထို့ကြောင့် အမျိုးသမီးများ ငွေရေးကြေးရေးအမှီအခိုပြုမှုကို လျော့နည်းစေပြီး အရွေးကောက်ခံကိုယ်စားလှယ်လောင်းအဖြစ် မိမိကိုယ်မိမိ အဆိုပြုလာနိုင်စေရန် နိုင်ငံရေးပါတီများအနေဖြင့် အသေးစားထောက်ပံ့မှုများ ပံ့ပိုးကူညီပေးနိုင်သည်။ မြန်မာနိုင်ငံရှိ နိုင်ငံရေးပါတီများမှာ ဘဏ္ဍာရေးအင်အားတွင် အခက်အခဲရှိကြသည့်အတွက် နိုင်ငံတကာအလှူရှင်များအနေဖြင့်လည်း အမျိုးသမီးများ နိုင်ငံရေးတွင် ပါဝင်မှုတိုးတက်လာစေရန် ပါတီရန်ပုံငွေကို ပံ့ပိုးပေးခြင်းကဲ့သို့သော နည်းလမ်းကို စဉ်းစားသင့်သည်။

**၅) ရပ်ဝေးနယ်မြေများသို့ မဲဆွယ်စည်းရုံးရေး ဆင်းသည့်အခါတွင် အမျိုးသမီးများအတွက် လုံခြုံရေးတိုးမြှင့်ရေးနှင့် အနီးကပ်ပံ့ပိုးကူညီပေးမည့်သူ ထားရှိပေးရန်။** အမျိုးသမီးများ ညအိပ်ညနေ ခရီးသွားလာခြင်းကို မသင့်လျော်ဟု ထုံးတမ်းစဉ်လာစံနှုန်းအရ ရှုမြင်ကြသဖြင့် ၎င်းမှာ အရံအတားသဖွယ်ဖြစ်နေရပါသည်။ အတိတ်တွင်ကြုံခဲ့ရသော ခက်ခဲကြမ်းတမ်းမှုများအရ အရွေးကောက်ခံကိုယ်စားလှယ်များ၊ အထူးသဖြင့် အမျိုးသမီးများအတွက် လုံခြုံရေးတိုးမြှင့်ပေးခြင်းနှင့် စံနှုန်းသတ်မှတ်ချက်အသစ်များ ချမှတ်ပေးခြင်းတို့ ရှိသင့်ပါသည်။ အရွေးကောက်ခံကိုယ်စားလှယ်လောင်းများ၊ အထူးသဖြင့် အမျိုးသမီးများအတွက် လုံခြုံရေးပြဿနာကို ဖြေရှင်းပေးနိုင်ရန် ကိုယ်စားလှယ်လောင်းများ မဲဆွယ်စည်းရုံးရေးခရီးထွက်ရာတွင် အနီးကပ်ပံ့ပိုးကူညီပေးမည့် လူပုဂ္ဂိုလ်တစ်ဦးကို ပူးတွဲပေးထားမည့် သတ်မှတ်ချက်အသစ်ထားရှိသင့်ပါသည်။

**၆) အလားအလာရှိသော အမျိုးသမီး လွှတ်တော်ကိုယ်စားလှယ်လောင်းများအတွက် လွှတ်တော်နှင့် မဲဆွယ်စည်းရုံးရေးဆိုင်ရာ အရည်အချင်းများ တိုးတက်လာစေရန်အတွက် သင်တန်းများပေးရန်။** အလားအလာရှိသော အရွေးကောက်ခံကိုယ်စားလှယ်လောင်းများကို ပို့ချပေးနေသည့် အမျိုးသမီးစွမ်းဆောင်ရည်မြှင့်တင်ရေးဆိုင်ရာ ပုံမှန်သင်တန်းများမှာ မြန်မာနိုင်ငံတွင် အမျိုးသမီး အရွေးကောက်ခံကိုယ်စားလှယ်နှင့် လွှတ်တော်ကိုယ်စားလှယ်ဦးရေ တိုးပွားလာရေးအတွက် များစွာထိရောက်မှုမရှိပါ။ ၎င်းအစား အလားအလာရှိသော အမျိုးသမီးအရွေးကောက်ခံကိုယ်စားလှယ်လောင်းများကို မဲဆွယ်စည်းရုံးရေးဆိုင်ရာ အရည်အချင်းများ (ဥပမာ - သက်ဆိုင်ရာ မဲဆန္ဒနယ်များတွင်ရှိသော မဲပေးသူပြည်သူတို့၏ ဦးစားပေးလိုအပ်ချက်များကို နားလည်သဘောပေါက်ခြင်း၊ မဲဆွယ်စည်းရုံးရေးတွင် အဓိကမီးမောင်းထိုးပြမည့် သတင်းစကားများကို လိုက်လျောညီထွေစွာ ပြောကြားတတ်ခြင်း၊ မဲဆွယ်စည်းရုံးရေးတွင် သွားလာစီမံမှုကိစ္စများကို ကျွမ်းကျင်စွာဆောင်ရွက်နိုင်ခြင်း၊ အဓိကကျသော မူဝါဒရေးရာ ကိစ္စများအတွက် အသိအမြင်ကြွယ်ဝနေခြင်းနှင့် မဲပေးသူပြည်သူထံမှ မဲပြားရအောင် မည်သို့ဆွဲဆောင်ရမည်ဆိုသော နည်းလမ်းများ)ကို လေ့ကျင့်တိုးမြှင့်ပေးသင့်ပါသည်။ ထို့အတူ အမျိုးသမီးများအနေဖြင့်လည်း ရသုံးမှန်းခြေငွေစာရင်းများကို ခွဲခြမ်းစိတ်ဖြာ နားလည်ခြင်း (သို့မဟုတ်) မူဝါဒရေးရာနှင့် ဥပဒေများကို သိမြင်နှံ့စပ်ခြင်းကဲ့သို့သော လွှတ်တော်ရေးရာ ကျွမ်းကျင်မှုနှင့် သဘောပေါက်နားလည်မှုတို့ကို ပြသနိုင်လျှင် မိမိကိုယ်မိမိယုံကြည်မှုနှင့် အခြားသော လုပ်ဖော်ကိုင်ဖက်များနှင့် မဲပေးပြည်သူတို့၏ လေးစားမှုတို့လည်း တိုးပွားလာမည်ဖြစ်ပါသည်။

**၇) အရွေးကောက်ခံကိုယ်စားလှယ်များ အွန်လိုင်းတွင် ဆောင်ရွက်နိုင်သော ကိစ္စများအတွက် အလေ့အထကောင်းနှင့် ကျွမ်းကျင်မှုများကို တည်ဆောက်ပေးရန်။** အရွေးကောက်ခံကိုယ်စားလှယ်များအနေဖြင့် ထိပါးနှောက်ယှက်မှုများကို ကြုံတွေ့ကြရသည်ဖြစ်ရာ၊ အမျိုးသမီးများမှာ ပုဂ္ဂိုလ်ရေးဆိုင်ရာ အသရေဖျက်ခြင်း၊ ၎င်းတို့၏မိသားစုဝင်များနှင့် ၎င်းတို့၏ပုဂ္ဂိုလ်ရေးဘဝများကို ဂုဏ်သိက္ခာကျဆင်းအောင် ပြောဆိုခြင်းများ လူမှုကွန်ရက်များတွင် ပိုမိုကြုံတွေ့ဖွယ်ရာရှိပါသည်။ ထို့ကြောင့် လူနည်းစု တိုင်းရင်းသား၊ လူနည်းစု ဘာသာရေးနှင့် အမျိုးသမီးအရွေးကောက်ခံ ကိုယ်စားလှယ်များအတွက် ၎င်းတို့၏ ပရော်ဖက်ရှင်နယ်ပုံရိပ်ကို အွန်လိုင်းတွင် မည်သို့မြှင့်တင်မည်၊ သတင်းအမှားများနှင့် မဲဆွယ်စည်းရုံးရေးကာလတွင် ကြုံတွေ့ရသည့် အွန်လိုင်းပေါ်က ထိပါးနှောင့်ယှက်မှုနှင့် အမုန်းစကားများးကို မည်သို့တုန့်ပြန်သင့်သည်ဆိုသော နည်းနာကောင်းများကို ပျိုးထောင်ရန်အတွက် သင်တန်းများပေးရန် နိုင်ငံရေးပါတီများ ထည့်သွင်းစဉ်းစားသင့်ပါသည်။

**၈) အနိုင်ရဖွယ်ရှိသည့် မဲဆန္ဒနယ်များအတွက် ပါတီ၏စွမ်းအားအရင်းအမြစ်များကို ဦးတည်အသုံးပြုရန်**။ ၂၀၁၀ နှင့် ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲတို့တွင် ပါတီငယ်များမှာ ဘဏ္ဍာရေးနှင့်လူအင်အားအကန့်အသတ်များ ရှိခဲ့သည့်ကြားက မဲဆန္ဒနယ်များစွာတွင် ဝင်ရောက်ယှဉ်ပြိုင် အရွေးကောက်ခံခဲ့သည့်အတွက် အနည်းငယ်သာ အောင်နိုင်မှုရှိခဲ့ခြင်း (သို့မဟုတ်) အနိုင်ရမည့် အခွင့်အလမ်းမရှိခြင်းစသည့် အခြေအနေများနှင့် ကြုံတွေ့ခဲ့ရပါသည်။ အကယ်၍ ပထမဦးစွာ ၎င်းတို့အနေဖြင့် အနိုင်ရဖွယ်အလားအလာများသည့် မဲဆန္ဒနယ်များကို သတ်မှတ်ပိုင်းခြားပြီး၊ ထိုမဲဆန္ဒနယ်များတွင်သာ ပါတီ၏စွမ်းအားအရင်းအမြစ်များကို အသုံးပြုခဲ့လျှင် မဲအရေအတွက် ပိုမိုရရှိနိုင်ဖွယ်ရှိပါသည်။ ထိုလုပ်ငန်းစဉ်၏ အစိတ်အပိုင်းတစ်ရပ်အနေဖြင့် ပို၍ဦးစားပေးယှဉ်ပြိုင်မည့် အချို့သော မဲဆန္ဒနယ်များအတွက် အမျိုးသမီးအရွေးကောက်ခံကိုယ်စားလှယ်လောင်းများကို ရွေးချယ်ပေးသင့်ပါသည်။

ယင်းသုတေသနသည် ကနေဒါအပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးရေးသုတေသနစင်တာ (IDRC)၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သည့် (၃) နှစ်တာ သုတေသနစီမံကိန်းမှ အစိတ်အပိုင်းတစ်ခုဖြစ်သည်။ ယင်းသုတေသနသည် မြန်မာ့ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို အားပေးရန်ဆောင်ရွက်နေသည့် မြန်မာပြည်ဒီမိုကရေစီအတွက် အသိပညာ (K4DM) ဟူသည့် အစီအစဉ်တွင် ပါဝင်သည်။

သုတေသနကို ၂၀၁၈ ခုနှစ် နိုဝင်ဘာလမှ ၂၀၁၉ ခုနှစ် မတ်လအထိ လုပ်ဆောင်ခဲ့ခြင်းဖြစ်ပြီး မြန်မာနိုင်ငံရှိ နိုင်ငံရေးပါတီကြီး (၉) ခု မှ ပါတီအလုပ်အမှုဆောင်နှင့် ပါတီကိုယ်စားလှယ် (၇၂) ဦးတို့ကို မေးမြန်း၍လေ့လာမှုများ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ လေ့လာမှုသည် အခြားသော လေ့လာမှုများလိုမဟုတ်ဘဲ ပါတီအတွင်းဖြစ်တည်နေသည့် နိုင်ငံရေးများကိုသာ ဖော်ထုတ်ထားသည်။ သုတေသနစာတမ်းအပြည့်အစုံကို EMReF ဝက်ဘ်ဆိုက်ဖြစ်သည့် www.emref.org တွင် ဒေါင်းလုပ်ဒ်ရယူနိုင်သည်။


**ရွှေလေး**

# အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများကို တိုင်ကြားနိုင်သည့် ဖုန်းနံပါတ်များထုတ်ပြန်

မေ ၁၉၊ ၂၀၂၀

အိမ်တွင်းအကြမ်းဖက်မှု အပါအဝင် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကိစ္စရပ်များနှင့်ပတ်သက်၍ (၂၄) နာရီ တိုင်ကြားနိုင်မည့် ဖုန်းနံပါတ်များကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ထုတ်ပြန်သည်။

ယင်းကိစ္စရပ်များနှင့်ပတ်သက်၍ ကာယကံရှင် ကိုယ်တိုင်သော်လည်းကောင်း၊ သိရှိသူပြည်သူများမှလည်းကောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၏ Help Line တယ်လီဖုန်းနံပါတ် ၀၆၇-၄၀၄၂၂၂၊ ၀၆၇-၄၀၄၉၉၉ သို့ ယုံကြည်စိတ်ချစွာ ဆက်သွယ်တိုင်ကြားနိုင်သည်ဟု သိရသည်။ တိုင်ကြားသူများ၏ သတင်းအချက်အလက်မပေါက်ကြားရေးကို အထူးအလေးထား ကာကွယ်ပေးသွားမည်ဖြစ်သည်ဟု ဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။ တိုင်ကြားမှုများအား လူမှုရေးနည်းလမ်းများဖြင့် ကူညီဆောင်ရွက်ပေးခြင်း၊ လိုအပ်သည်များအား ချိတ်ဆက်ပေးခြင်းများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းလည်း ထုတ်ပြန်ထားသည်။




# COVID-19 ကပ်ရောဂါကာလအတွင်း အမျိုးသမီးနှင့် ကလေးငယ်တွေအတွက် ဘယ်လိုပံ့ပိုးနိုင်မလဲ

မေ ၇၊ ၂၀၂၀



**ဒေါ်နန်းဖြူဖြူလင်း**
National Advisor
Alliance for Gender Inclusion
in the Peace Process

ဒီလိုကပ်ရောဂါဖြစ်ပွားနေတဲ့အခြေအနေမျိုးမှာ အမျိုးသမီးနဲ့ကလေးသူငယ်တွေ ဘာတွေလိုအပ်ပြီး ဘယ်လိုပံ့ပိုးနိုင်မလဲဆိုတာကို မိတ်ဆွေတစ်ယောက်မေးထားတာတွေ့လို့ စဉ်းစားမိသလောက်ရေးပေးလိုက်ပါတယ်။ အမျိုးသမီးနဲ့ကလေးငယ်တွေအတွက် လိုအပ်ချက်တွေ အများကြီးထဲကမှ ကုလသမဂ္ဂနဲ့ နိုင်ငံတကာကစစ်တမ်းတွေ၊ အတွေ့အကြုံအရ ထည့်သွင်းစဉ်းစားဖို့လိုအပ်ချက်တွေကို ဖော်ပြလိုက်ပါတယ်။

၁။ အမျိုးသမီးနဲ့ကလေးငယ်တွေဟာ အချက်အလက်မှန်နဲ့သတင်းတွေ အချိန်နဲ့တစ်ပြေးညီ ရရှိအောင် သိရှိအောင်လုပ်ဆောင်ပေးရပါမယ်။ ဒါမှ သတင်းမှားတွေနောက်ကို မလိုက်ပါသွားမှာပါ။

၂။ အမျိုးသမီးတွေဟာ လူမှုဝန်းကျင်ရဲ့ သတ်မှတ်ချက်စံနှုန်းအရ မိသားစုရဲ့ကျန်းမာရေးနဲ့ အစာအာဟာရပြည့်ဝရေးအတွက် တာဝန်ယူစောင့်ရှောက်ပေးနေရသူတွေ ဖြစ်ပါတယ်။ သူတို့ကိုယ်တိုင်အာဟာရပြည့်ဖို့နဲ့ ကျန်းမာရေးစောင့်ရှောက်ဖို့ကို မေ့နေတတ်ကြတာမို့ မိမိကိုယ်မိမိဂရုစိုက်ဖို့လည်း သတိပေးဖို့လိုအပ်ပါတယ်။

၃။ အိမ်တွင်းမှာပဲနေကြရတဲ့အခါမှာ စိတ်ထွက်ပေါက်ကို တလွဲရှာတတ်ကြတာမို့ အိမ်တွင်းအကြမ်းဖက်မှုတွေကို အမျိုးသမီးတွေဟာ ခံစားကြရပါတယ်။ ဒီအတွက် သူတို့အကြမ်းဖက်ခံရရင် တိုင်ကြားနိုင်ဖို့ ရင်ဖွင့်နိုင်ဖို့ အစီအမံတွေလုပ်ပေးဖို့လိုပါတယ်။


၄။ ဒီလိုအချိန်မှာ လှူဒါန်းကြရင် အစားအသောက်နဲ့ အခြေခံဆေးဝါးကို အဓိကလှူဒါန်းကြပါတယ်။ အမျိုးသမီးတွေ လစဉ်သုံးပစ္စည်းတွေကို လှူပေးဖို့ မေ့နေတတ်ကြတာမို့ လစဉ်သုံးပစ္စည်းတွေကိုလည်း စီစဉ်လှူဒါန်းပေးသင့်ပါတယ်။

၅။ ကလေးသူငယ်များအတွက် အစာကြေလွယ်ပြီး အာဟာရရှိတဲ့ စားသောက်ကုန်မျိုးကို ထည့်သွင်းလှူဒါန်းသင့်ပါတယ်။ (နို့မှုန့်၊ အာဟာရမုန့် စသဖြင့်)

၆။ အမျိုးသမီးနဲ့ကလေးသူငယ်တွေကို စောင့်ရှောက်ပေးရမယ့် လုပ်ငန်းစဉ်တွေမှာ လူတန်းစားတစ်ရပ်အနေနဲ့ပဲ မမြင်ဘဲနဲ့ သူတို့ဟာလည်း ရောဂါကာကွယ်ရေး၊ ပညာပေးရေးစတဲ့ကဏ္ဍတွေမှာ ပါဝင်ကူညီနိုင်သူများဖြစ်တယ်လို့ရှုမြင်ပြီး ချန်လှပ်ထားခြင်းမရှိပဲ သူတို့ဆီကအသံတွေကိုလည်း နားထောင်သင့်ပါတယ်။ (အမျိုးသမီးတွေအသံကို နားထောင်လို့ရမယ့် Online Phone အစီအစဉ်ထားပေးတာမျိုး၊ စိတ်လူမှုပံ့ပိုးပေးတဲ့အစီအစဉ်ထားပေးတာမျိုး)

၇။ အမျိုးသမီးတွေဟာ မိသားစုအရေးသာမက ရပ်ရွာအရေး တိုင်းပြည်အရေးတွေမှာပါ အရေးပါတဲ့သူတွေဖြစ်တာမို့ တစ်ခုခုစီစဉ်တဲ့အခါမှာ သူတို့ရဲ့အကြံပြုချက်၊ လိုအပ်ချက်တွေကို အစကတည်းက နားထောင်ပြီး သူတို့ပါဝင်မှုရှိအောင် စီစဉ်ပေးသင့်ပါတယ်။ (ဥပမာ- ကော်မတီဝင်အဖြစ်ထည့်ပေးတာမျိုး၊ တွဲဖက်ခန့်ထားတာမျိုး။)

# ကပ်ရောဂါကျော်ဖြတ်ရာတွင် ကျား-မတန်းတူညီမျှမှုနှင့် အမျိုးသမီးအခွင့်အရေးများ အတူတကွ ပါဝင်နိုင်ရန်လိုအပ်ဟု ကမ္ဘာ့ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ဆို



**ဧပြီ ၁၀၊ ၂၀၂၀**

ကပ်ရောဂါကိုကျော်ဖြတ်ရာတွင် အားလုံးအတွက်ကောင်းမွန်သည့် အနာဂတ်ကို တည်ဆောက်ရန်နှင့် ပိုမိုမြန်ဆန်စွာထူထောင်နိုင်ရန်အတွက် ကျား-မတန်းတူညီမျှမှုနှင့် အမျိုးသမီးများ၏ အခွင့်အရေးများသည် အတူတကွ ပါဝင်နိုင်ရန်လိုအပ်သည်ဟု ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်က ဧပြီလ (၉) ရက်နေ့က ပြောကြားခဲ့သည်။

၎င်းက အမျိုးသမီးများအပေါ် အကြမ်းဖက်မှုမှ ကာကွယ်ရေးနှင့် နစ်နာကြေးပေးခြင်းသည် COVID-19 အမျိုးသားတုံ့ပြန်ရေး အစီအစဉ်၏ အဓိကအစိတ်အပိုင်းတစ်ခုဖြစ်စေရန် အစိုးရများကို တိုက်တွန်းပြောကြားခဲ့သည်။

ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် Antonio Guterres ကလည်း "Lockdown နဲ့ Quarantines လုပ်တာတွေက COVID-19 လျှော့ချဖို့ အရေးကြီးမှန်း ကျွန်တော်တို့သိပါတယ်။ ဒါပေမယ့် ဒီလိုလုပ်တာတွေက အမျိုးသမီးများကို ကြမ်းတမ်းတဲ့ အိမ်ထောင်ဖက်များနဲ့ ပိတ်မိစေပါတယ်။ ပြီးခဲ့တဲ့ သီတင်းပတ်တွေက စီးပွားရေးနဲ့လူမှုရေးဖိအားတွေ ကြောက်ရွံ့မှုတွေ တိုးပွားလာတာနဲ့အမျှ အိမ်တွင်းအကြမ်းဖက်မှုတွေလည်း ကမ္ဘာတစ်ဝန်းမှာ ကြောက်မက်ဖွယ်ကောင်းအောင် မြင့်တက်လာနေပါတယ်"ဟု ဗီဒီယိုမက်ဆေ့ချ်ဖြင့် သတိပေးထားသည်။

UNFPA ၏ အစီရင်ခံစာအရ ကမ္ဘာ့ကပ်ရောဂါ COVID-19 ပျံ့နှံ့မှုကြောင့် ကျား-မ တန်းတူမညီမျှမှုကို ပိုဆိုးစေပြီး ကျား-မအခြေပြု အကြမ်းဖက်မှုတွေကို မြင့်တက်စေနိုင်သည်ဟု သိရသည်။ ရောဂါကူးစက်ပျံ့နှံ့မြင့်မားလာချိန်တွင် အမျိုးသမီးများနှင့် အမျိုးသားများအပေါ်သက်ရောက်မှုမှာ ကွာခြားမှုရှိသည်ဟု အစီရင်ခံစာက ထောက်ပြထားသည်။

UN Women အရ ကမ္ဘာတစ်ဝန်း ကျန်းမာရေးနှင့်လူမှုဆိုင်ရာဝန်ဆောင်မှုများတွင် လုပ်ကိုင်နေသူများ၏ ၇၀ ရာခိုင်နှုန်းမှာ အမျိုးသမီးများဖြစ်ကြသောကြောင့် အမျိုးသမီးကျန်းမာရေးဝန်ထမ်းများကို ရောဂါပိုမိုထိတွေ့ကူးစက်စေနိုင်သည်ဟု ဆိုသည်။ အမျိုးသမီးနှင့် မိန်းကလေးငယ်များအနေနှင့် အိမ်တွင်းအကြမ်းဖက်မှုများ ပိုမိုထိခိုက်ခံစားရနိုင်ပြီး အမျိုးသမီးများအပေါ် အိမ်မှုတာဝန်များ ပို၍ဝန်ပိလာနိုင်သည်။ ထို့ပြင် မိခင်ကျန်းမာရေး၊ လိင်မှုနှင့်မျိုးဆက်ပွားဆိုင်ရာ ဝန်ဆောင်မှုများ ရယူသုံးစွဲရာတွင် အကန့်အသတ်အခက်အခဲများ ရှိလာနိုင်သည်ဟု အစီရင်ခံစာကဆိုသည်။ ထို့ကြောင့် အမျိုးသမီးများနှင့် မိန်းကလေးငယ်များ အခွင့်အရေးကာကွယ်ရေးနှင့် မြှင့်တင်ရေးကို ဦးစားပေးသင့်ကြောင်း အစီရင်ခံစာက အကြံပြုထားသည်။

**ရွှေလေး**

# COVID-19 အရေးပေါ်လုပ်ဆောင်ချက်များတွင် အမျိုးသမီးများမကျန်ခဲ့စေရန် လုပ်ဆောင်ရမည့် အချက် (၈) ချက်

**ဧပြီ ၃၊ ၂၀၂၀**

ကမ္ဘာတစ်ဝန်းမှာဖြစ်ပွားနေသည့် COVID-19 ရောဂါနှင့် ပတ်သက်၍ အရေးပေါ်လုပ်ဆောင်ချက်များတွင် အမျိုးသမီးများ မကျန်ခဲ့စေရန်အတွက် လုပ်ဆောင်ရမည့်အချက် (၈) ချက်ကို UNWOMEN က ပြုစုထားပါသည်။ ယင်းအချက်များမှာ

၁) ကျား-မ ခွဲခြားကောက်ယူထားသည့် အချက်အလက်များရရှိအောင် လုပ်ဆောင်ခြင်း
၂) ပံ့ပိုးဆောင်ရွက်နေသည့်အဖွဲ့များမှာ ကျား-မရေးရာ နားလည်တတ်ကျွမ်းသူပညာရှင်များ ပါဝင်အောင်ဖွဲ့စည်းခြင်း
၃) အရေးပေါ်ဆောင်ရွက်မှုများမှာ ရှေ့တန်းမှပါဝင်နေသည့် အမျိုးသမီးများအား ပံ့ပိုးကူညီခြင်း
၄) အရေးပေါ်ကာလဆောင်ရွက်မှုများအတွက် ဆုံးဖြတ်ချက်ချသူနေရာတွင် အမျိုးသမီးများပါဝင်စေခြင်း
၅) ပြည်သူ့ကျန်းမာရေးလမ်းညွှန်ချက်များမှာလည်း အမျိုးသမီးများအတွက် ရည်ညွှန်းချက်များပါဝင်ရန် လုပ်ဆောင်ခြင်း
၆) အမျိုးသမီးများ၏ စီးပွားရေးဆိုင်ရာ ကြံ့ကြံ့ခံနိုင်စွမ်းကို မြှင့်တင်ပေးခြင်း
၇) အမျိုးသမီးများနှင့် မိန်းကလေးများအတွက် မရှိမဖြစ်လိုအပ်သည့် ကျန်းမာရေးဝန်ဆောင်မှုများကို ကာကွယ်ထားရှိခြင်း
၈) ကျား-မ အခြေပြုအကြမ်းဖက်မှုများ ကာကွယ်တားဆီးရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးအတွက် ဝန်ဆောင်မှုလုပ်ငန်းများကို ဦးစားပေးခြင်း

Source: LIFT Myanmar


ဓာတ်ပုံ-https://en.wikipedia.org

## ကမ္ဘာကျော်တို့ရဲ့ ပြောစကား

"အမျိုးသမီးတွေအတွက် ရရှိနိုင်တဲ့ အကောင်းဆုံး အကာအကွယ်မှာ ရဲစွမ်းသတ္တိဖြစ်တယ်။"

----- Elizabeth Cady Stanton (American Suffragist & Social Activist 1815-1902)

# COVID-19 ကြောင့် အိမ်တွင်းနေထိုင်ရသည့် ကာလအတွင်း အိမ်တွင်းအကြမ်းဖက်မှုလုပ်ရပ်များ ရှောင်ရှားရန် တိုက်တွန်း

**ဧပြီ ၂၀၊ ၂၀၂၀**



ကမ္ဘာ့နိုင်ငံအချို့တွင် ကိုရိုနာဗိုင်းရပ်စ် ပျံ့နှံ့မှုကိုထိန်းချုပ်နိုင်ရန် လော့ဒ်ဒေါင်းအစီအစဉ်များ ပြုလုပ်ပြီးနောက် အိမ်တွင်းအကြမ်းဖက်မှုများ မြင့်တက်လာသည့်အတွက် မြန်မာနိုင်ငံတွင်လည်း အိမ်တွင်းနေထိုင်သည့် ကာလအတွင်း အိမ်တွင်းအကြမ်းဖက်မှုဖြစ်စေသည့်လုပ်ရပ်များကို ရှောင်ရှားပြီး အပြန်အလှန်နားလည်မှုရှိရှိနေထိုင်ကြရန် တိုက်တွန်းခဲ့ကြသည်။

ကိုရိုနာဗိုင်းရပ်စ်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန် မတ်လတတိယသီတင်းပတ်က ပြင်သစ်နိုင်ငံတွင် လော့ဒ်ဒေါင်းပြုလုပ်ခဲ့ပြီး ဆယ်ရက်ဝန်းကျင်အတွင်း အိမ်တွင်းအကြမ်းဖက်မှု ၃၀ ရာခိုင်နှုန်းလောက် မြင့်တက်ခဲ့သည်ဟု သတင်းမီဒီယာများတွင် ဖော်ပြထားသည်။ မြန်မာနိုင်ငံတွင်လည်း COVID-19 ကြောင့် အိမ်တွင်းနေထိုင်သည့် (stay at home) ကာလအတွင်း ဆက်သွယ်အကူအညီတောင်းခံသည့်အမှုအများစုတွင် အိမ်တွင်းအကြမ်းဖက်မှုများဖြစ်နေသည်ကို ထူးခြားစွာတွေ့နေရသည်ဟု ဥပဒေရေးရာကူစားရေးအဖွဲ့ (မြန်မာ) (Legal Clinic Myanmar) ၏ ဖေ့စ်ဘွတ်စာမျက်နှာတွင် ဗီဒီယိုဖြင့် ရှင်းလင်းပြောကြားထားသည်။ COVID-19 ကြောင့် စိတ်ပိုင်းဆိုင်ရာပြဿနာများရှိနေသော်လည်း အိမ်တွင်းအကြမ်းဖက်မှုများဖြစ်စေသည့်လုပ်ရပ်များကို ရှောင်ရှားပြီး အပြန်အလှန် နားလည်မှုရှိရှိ နေထိုင်သွားကြဖို့ တိုက်တွန်းထားသည်။

အိမ်တွင်းအကြမ်းဖက်မှု ကျူးလွန်ခြင်းသည် ပြစ်မှုမြောက်ပြီး အိမ်တွင်းအကြမ်းဖက်မှုကို အခြေခံသည့် အခြားသော အကြမ်းဖက်မှုများစွာဖြစ်ပွားနိုင်သည်ဟု Legal Clinic Myanmar မှ အထက်တန်းရှေ့နေ ဦးကျော်မိုးစံက ဗီဒီယိုမက်ဆေ့ချ်ဖြင့် ပြောကြားသည်။

၎င်းက "အကြမ်းဖက်မှုတွေထဲကမှ ရုပ်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကို ကျူးလွန်ခဲ့ရင် ထောင်ဒဏ် ၁ နှစ်ကနေ နှစ် ၂၀ ထိ အရေးယူလို့ရတဲ့ ဥပဒေပြဌာန်းချက်တွေရှိပါတယ်။ ကိုရိုနာဗိုင်းရပ်စ်ကြောင့် ပြည်သူတစ်ရပ်လုံး စိတ်ဒုက္ခရောက်နေရတဲ့အချိန်မှာ အမျိုးသားကနေ အမျိုးသမီးကိုပဲဖြစ်ဖြစ်၊ အမျိုးသမီးကနေ အမျိုးသားကိုပဲဖြစ်ဖြစ် အကြမ်းဖက်မှုတွေရှောင်ရှားပြီး အပြန်အလှန်နားလည်မှုရှိရှိနဲ့ နေထိုင်ကြဖို့ အလေးအနက်တိုက်တွန်းလိုပါတယ်" ဟုဆိုသည်။

**ရွှေလေး**